# ဟန်ယွန်ဂွဲသို့ အိတ်ဖွင့်ပေးစာ

Editor (Rebound88)

**မကြာမီကအမေရိကန်သမတကြီးဘွတ်(ရှ)မှအသက် ၂၃ နှစ်ရှိရှမ်းအမျိုးသမီး ချမ်းတောင် ကိုအိမ်ဖြူတော်သို့ပင့်ဖိတ်ခေါ်ကာမြန်မာပြည်တွင်ဖြစ်ပျက်နေသောကိစ္စအဝဝကို မေးမြန်းဆွေးနွေးခဲ့ ပေရာဒီမိုကရေစီအဖွဲ့အစည်းများအနေဖြင့်မိမိတို့အားအမေရိကန်အစိုးရမှထိုအမျိုးသမီးငယ်လောက်မျှပင်အရေးထားခြင်းမရှိခဲ့ ဟူသောအချက်ကိုဖေါ်ပြလျက်ရှိပေသည်။ ဤသည်မှာ၄င်းတို့၏မဟာဗျူဟာပြောင်းလဲသင့်ကြောင်းနိုင်လုံသောသက်သေပြချက်တခုပင်မဟုတ်ပါလား။**

ဒီဇင်ဘာ ၃ ရက်နေ့ထုတ် ဘန်ကောက်ပိုစ် သတင်းစာတွင် ဟန်ယွန်ဂွဲ (Harn Yawnghwe) ဆိုသူမှ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာအရေးဆွေးနွေးရန် ရှိသောသတင်းများနှင့် ပါတ်သက်၍သူ၏အမြင်ကို It is the time for theTatmadaw to show its patriotism ခေါင်းစဉ်ဖြင့် တင်ပြထားခဲ့ပါသည်။

အထက်ပါဆောင်းပါးနှင့် စပ်လျှင်း၍ မိမိတို့၏ အမြင်ကို တင်ပြပါရစေ၊စာရေးသူမှ လူထုအုံကြွမှုကြီး ဖြစ်ပေါ်ရန် အားမပေး၊ စစ်တပ်မှ သန်းရွှေ၏ စစ်အာဏာရှင်အုပ်ချုပ်ရေးကို ဖြုတ်ချကာ ပြည်သူတို့လိုလားသော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဖေါ်ဆောင်ပေးရန် အကြံပြုခဲ့သည်ကိုတွေ့ရှိရသည်။ ၄င်းစာရေးသူသတိမမူမိသော အချက်ကါး စစ်တပ်သည် ၁၉၆၂ နေဝင်းအာဏာသိမ်းယူပြီး ချိန်မှစ၍မြန်မာပြည်တွင်အခွင့်ထူးခံလူတန်းစားတရပ်အသွင်ဖြင့်



ရပ်တည်လာခဲ့သည်မှာယနေ့အထိဆိုပါကနှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီဆိုခြင်းပင်ဖြစ်သည်၊ နေဝင်းသည် ၄င်းစစ်တပ်၏ ဩဇာတည်မြဲရေးအတွက် ပြည်တွင်းစစ်တရပ်ကို ဖန်တီး မွေး မြူထားကါ နောက်လိုက် စစ်အရာရှိများကို အခွင့်အရေးများ၊ ရာထူးများ မတန်တဆပေးကါ ပလ္လင်ပေါ် မျောက်များတက်သလိုထိုင်ခိုင်းခဲ့ခြင်းဖြင့်တိုင်းပြည်ကိုလူလုံးမလှဖြစ်အောင် ပြုလုပ်ခဲ့သည်မှာ အားလုံးအသိပင်။။

၁၉၈၈ပြည်သူလူထုတရပ်လုံးလှည်းနေလှေအောင်း မြင်းဇောင်းမကျန် စည်းလုံးညီညွတ်စွာဖြင့် မဆလ ကို ဖြုတ်ချခဲ့ကြစဉ်က စစ်တပ်မှဗိုလ်မှူးစသောအဆင့်မြင့်ရာထူးရှိသူတယောက် တလေမျှပူးပေါင်း ပါဝင်လာကြသည်ကို မတွေ့ကြရပေ။

၁၉၈၈ နောက်ပိုင်းတွင် နေဝင်းခေတ်ကကဲ့သို့မဲသဝေါ စစ်ဆင်ရေးကြီးလည်းမရှိ ဗကပချေမှုန်းရေး ဟူ၍လည်း မရှိတော့ဘဲ၄င်းတို့၏ စစ်မျက်နှာမှာ သန်းပေါင်း ၅၂ သန်းမျှရှိသောပြည်သူတရပ်လုံးအပေါ်ဖွင့်လှစ်ခဲ့ရပေသည်။ တိုင်းရင်းသားအဖွဲ့အစည်းများကိုမူလက်နက်ကိုင်ဆောင်ခွင့် စီးပွားရေးလုပ်ပိုင်ခွင့်တို့ဖြင့်အပေးအယူလုပ်ကါ အပစ်အခတ် ရပ်စဲစေခြင်းများဖြင့်တရန်ငြိမ်းသွားအောင်ပြုလုပ်ခဲ့ကြသည်၊

စစ်အရာရှိများကိုလည်းအခွင့်အရေးများနေဝင်းလက်ထက်ကထက်ပင်ဆိုးဝါးလှသောနှုန်းဖြင့် ငွေကြေး၊ အာဏာများ ပေးအပ်ထားကါသူတလူငါတမင်းပုံစံမျိုးဖြင့်ပြည်သူများကို ဖိနှိပ်အနိုင်ကျင့်စေခဲ့ကြသည်။ တိုင်းပြည်၏ အရေးကြီးလှသောမြို့တော်ရွှေ့ပြောင်းရေးကိစ္စကို ပြည်သူများကို ကြိုတင် အသိပေးကါ ဆန္ဒတောင်းခံဘို့အသာထား၊ သတင်းမျှပင် တရားဝင်ထုတ်ပြန်ပြောဆိုခြင်းမရှိခဲ့ သည်မှာ ပြည်သူလူထုတရပ်လုံးအား လူဟုပင်တန်ဘိုး မထားဆိုသည်ကို အထင်အရှားပြသလျှက်ရှိနေပေသည်၊ ယင်းအာဏာရှင်များ၏နောက်လိုက်နောက်ပါများက ၄င်းတို့ရရှိထားသော အခွင့်အာဏာများကို စွန့်လွှတ်ကါ ပြည်သူများအတွက် အနစ်နာခံ ပြုလုပ်ဆောင်ရွက်ပေးမည် ဟုမျှော်လင့်နေစေခြင်းမှာမျှော်လင့်ချက်မရှိသောအိပ်မက်တခုပင်ဖြစ်ပေသည်။

၁၉၄၅ နောက်ပိုင်း ကမ္ဘာ့ကုလသမဂ္ဂကြီး စတင်ပေါ်ပေါက်ပြီးခဲ့သည့်နောက်ပိုင်းတွင် အာရှ၊ အာဖရိက နှင့် လက်တင်အမေရိက ရှိတိုင်းပြည်အတော်များများနယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ခြင်းမရှိကြသေးပေ၊ ၄င်းတိုင်းပြည်ရှိ

ပြည်သူအများသည် မိမိတို့၏ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတို့အတွက် မိမိတို့ဘာသာ ရုန်းကန်လှုပ်ရှားခဲ့ကြရသည် မဟုတ်ပါလော၊ ကုလသမဂ္ဂမှ ရှုတ်ချကြောင်းအဆိုများ၊ ၄င်းနိုင်ငံများကိုလွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ကြခြင်းများကို မည်သည့် နယ်ချဲ့ကိုလိုနီသမားများ လိုက်နာခဲ့ကြပါသနည်း၊ မိမိတို့၏ကိုလိုနီလက်အောက် ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက်မိမိတို့၏အသက်သွေးချွေးများစတေးကာတိုက်ပွဲဝင်ခဲ့ကြရသည်ချည်းပင်၊

တောင်အာဖရိကတွင် လူဖြူအစိုးရမှ လူမည်းပြည်သူအများစုအပေါ်နှစ်ပေါင်း ၄၀ နီးပါးဖိနှိပ်ဆက်ဆံခဲ့သောအသားအရောင်ခွဲခြားရေးမူဝါဒသည် ၁၉၉၁ ခုနှစ်တွင် အဆုံးသတ်စေခဲ့ရသည်မှာလည်း အားလုံးအသိပင်၊ယင်းကဲ့သို့ ဖြစ်ပေါ် လာစေ ရေးအတွက်နယ်ဆင်မန်ဲလားဦးဆောင်သည့် အာဖရိကအမျိုးသားကွန်ဂရက် ၏ ခေါင်းဆောင်မှုအောက်တွင် လူမည်းပြည်သူတရပ်လုံးက လူဖြူလူနည်းစုအစိုးရအပေါ် မနားမနေ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည်၊

လူဖြူအစိုးရ၏ဖိနှိပ်ချုပ်ချယ်သော အရေးပေါ်အခြေအနေအက်ဥပဒေကို ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးက စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်း အပါအဝင် သံတမာန်ဆက်သွယ်မှုဖြတ်တောက်ပစ်ခြင်းတို့အထိ ပြင်းပြင်းထန်ထန်တုန့်ပြန်ခဲ့ကြသည်၊ သို့သော် သဘာဝသယံဇာတ လွန်စွာပေါ်များသော တောင်အာဖရိကရှိလူဖြူအစိုးရအား ဦးညွှတ်လာအောင်ပြုလုပ်နိုင်ခဲ့ခြင်းမရှိခဲ့ပေ၊ လူမည်းပြည်သူများသာ မိမိတို့၏အမျိုးသားလွတ်မြောက်ရေးအတွက် မိမိတို့ဖါသာ တိုက်ပွဲဝင်ခဲ့ကြခြင်းကြောင့်သာလူဖြူအစိုးရမှအမျိုးသားပြန်လည်သင့်မြတ်ရေးကြွေးကြော်လာရကါ ၂၆ နှစ်လုံးလုံး ထောင်ထဲထည့် ထားခဲ့သည့် လူမည်းအမျိုးသားခေါင်းဆောင် နယ်လ်ဆင်မင်ဲလားကိုအာဏာ လွှဲပြောင်းပေးခဲ့ရပေသည်၊ လူမည်းပြည်သူတို့အသက်ရာပေါင်းများစွာစတေးခဲ့ကြရသည့် ရှတ်ပီဗီး (Sharpeville) အရေးအခင်း၊ ဆိုးဝေးတိုး (Soweto) နှင့် ယူတန်ဟိတ်ချ် (Utenhage)အုံကြွမှုကြီးစသည့်ကမ္ဘာကိုတုန်လှုပ်သွားစေသည်အထိ ဖြစ်ခဲ့ရသော ပုန်ကန်မှု ကြီးများကသာလျင် ယင်းအပြောင်းအလဲများဖြစ်ပေါ်လာစေရန် အဓိကတွန်းအားဖြစ်ခဲ့သည်မှာထင်ရှားလှပေသည်။

လက်ရှိ မြန်မာပြည်အား စီးပွားရေးပိတ်ဆို့အရေးယူထား သောနိုင်ငံများမှာ အမေရိကန်အပါအဝင် ဥရောပနိုင်ငံကြီး အချို့သာရှိပေသေးရာ တောင်အာဖရိကနှင့်နှိုင်းစာလျှင်ပြောပလောက်စရာမရှိလှပေ၊

တောင်အာဖရိက၏အတွေ့အကြုံကိုကြည့်လျှင်၁၉၄၆ကုလသမဂ္ဂ၏ပထမဦးဆုံးအကြိမ်အထွေထွေညီလာခံမှစတင်ကာအိန္ဒိယမှစတင်အဆိုတင်သွင်းလာခဲ့ခြင်းကြောင့်တောင်အာဖရိက၏အသားအရောင်ခွဲခြားရေးဝါဒသည် ကုလသမဂ္ဂအဖို့စတင်ခေါင်းခဲစရာ ဖြစ်လာခဲ့ရသည်၊ ရှုတ်ချကြောင်းအဆိုများ၊ အသားအရောင်ခွဲခြားမှု အဆုံးသတ်ရေး အဆိုပေါင်းများစွာချမှတ်ခဲ့ကြသော်လည်း မည်သို့မျှ အကြောင်းမထူးခဲ့ပေ၊ ၁၉၆၀ အတွင်း ဖြစ်ပွားခဲ့သည့် ရှတ်ပီဗီး (Sharpeville) လူသတ်ပွဲကြီးကြောင့်သာကုလသမဂ္ဂလုံခြုံရေးကောင်စီမှ တောင်အာဖရိက ပြဿနာသည်နိုင်ငံများအကြားသဘောကွဲလွဲမှုဖြစ်ပွား လာခဲ့စေသည့်ပြဿနာ အဖြစ်စတင်ဆွေးနွေးလာခဲ့ကြသည်။ ၁၉၆၃ တွင် မဖြစ်မနေ အကောင်အထည်ဖေါ်ရန်မလိုသော (non-binding) ဆုံးဖြတ်ချက် ဖြင့် လက်နက်တင်ပို့မှုကိုတားမြစ်ခဲ့ကါ ၁၉၇၆ ဆိုဝေးတိုး အရေးအခင်းနောက်ပိုင်းတွင် (Mandatory) ဆုံးဖြတ်ချက်ဖြင့် လက်နက်တင်ပို့မှုကိုလုံးဝတားမြစ်ခဲ့ကြသည်၊ ၁၉၇၄တွင်အဖွဲ့ဝင်နိုင်ငံအများစု၏သဘောတူဆုံးဖြတ်ချက်ဖြင့်စီးပွားရေးပိတ်ဆို့ခြင်း၊ သံတမာန်အဆက်အသွယ်ဖြတ်တောက်ခြင်းတို့ပြုလုပ်လာနိုင်သည်ကိုတွေ့ကြရပေမည်။

ထို့ကြောင့် မြန်မာပြည်သူများအနေဖြင့်လည်း စစ်အာဏာရှင်တို၏ကိုယ်ကျိုးရှာလိုမှုကြောင့် အမျိုးသားတရပ်လုံးအားသားစဉ်မြေးဆက် အနိုင်ကျင့် ဗိုလ်ကျခံနေရသည့် ဖြစ်ရပ်ဆိုးကြီးမှလွတ်မြောက်စေရေးအတွက် မည်သူ၏အကူအညီမှစောင့်စားနေရန်မလိုပဲမိမိတို့ဘာသာ ရုန်းကန် တိုက်ပွဲဝင်ကြရန်သာရှိပေသည်၊ နိုင်ငံတကာမှ သံတမာန်နည်းအရ ဖိအားပေးမှုများ၊ အရေးယူဆောင်ရွက်မှုများကိုမိမိတို့၏ အရေးတော်ပုံကြီး အောင်မြင်စေရေးအတွက် တဖက်တလမ်းမှ အထောက်အကူ ပေးနေခြင်းဟုသာ ခံယူသင့်လှပြီး၊ ၄င်းတို့မှ မိမိတို့အတွက်ဆောင်ရွက်ပေးကြလိမ့်မည်ဟု မယူဆသင့်ကြပေ၊ မည်သည့်အင်အားကြီးနိုင်ငံများမှလည်း၄င်းတို့၏ကိုယ်ကျိုးတစုံတရာမရှိပဲနှင့်မိမိတို့အတွက်အလကားလာရောက်ဆောင်ရွက်ပေးမည်မဟုတ်ပေ။

မိမိတို့ ပြည်သူတရပ်လုံးစစ်သံဖနောင့်အောက်မှ လွတ်မြောက်ရေး လှုပ်ရှားမှုကို ပိုပိုထိထိရောက်ရောက်နှင့် စံနစ်တကျ

ဖြစ်စေရန် ဦးဆောင်ပေးနိုင်မည့် အဖွဲ့အစည်းတရပ်ကိုလည်း အမြန်ဆုံးထူထောင်သင့်ကြောင်းကိုနိုင်ငံတကာရှိမြန်မာ့ဒီမို ကရေစီလိုလားသော အဖွဲ့အစည်းများ အနေဖြင့် အထူးစဉ်း စားသင့်လှပေသည်၊ ၎င်းအဖွဲ့အစည်းများအနေဖြင့်လည်း ရှုတ်ချကြောင်း၊ ကြိုဆိုကြောင်း ကြေငြာချက်များထုတ်ပြန်၊ အစည်းအဝေးများတက်နေရုံဖြင့် မလုံလောက်သေးပဲ၊ နိုင်ငံတကာမှ ယုံကြည်လေးစားနိုင်လောက်သည့်ပြည်သူလူထုကိုဦးဆောင်မှုပေးနိုင်မည့် တခုတည်းသော အဖွဲ့အစည်းကြီးတရပ် ဖြစ်ပေါ်လာအောင် ညှိနှိုင်းဆောင်ရွက်သင့်ရန် အချိန်တန်ပေပြီ၊ သို့မှသာ ထိုအဖွဲ့အစည်းကြီးမှ နိုင်ငံတကာမှပေးအပ်လာကြမည့် အကူအညီများဖြင့်ဟန်ချက်ညီညီလှုပ်ရှားဆောင်ရွက်ကာ လူထုတော်လှန်ရေးကြီးတရပ် ဖြစ်ပေါ်လာအောင်ဆောင်ရွက်နိုင်မည်ဟုကျွန်တော်တို့မှအလေးအနက်ယုံကြည်ပေသည်။

မကြာမီက အမေရိကန်သမတကြီးဘွတ်(ရှ)မှအသက် ၂၃ နှစ်ရှိ ရှမ်းအမျိုးသမီး ချမ်းတောင်ကိုအိမ်ဖြူတော်သို့ ပင့်ဖိတ်ခေါ်ကာ မြန်မာပြည်တွင်ဖြစ်ပျက်နေသောကိစ္စအဝဝကိုမေးမြန်းဆွေးနွေးခဲ့ပေရာဒီမိုကရေစီအဖွဲ့အစည်းများ အနေဖြင့် မိမိတို့အား အမေရိကန်အစိုးရမှ ထိုအမျိုးသမီးငယ်လောက်မျှပင်အရေးထားခြင်းမရှိခဲ့ဟူသောအချက်ကိုဖေါ်ပြလျက်ရှိပေသည်။ ဤသည်မှာ၎င်းတို့၏မဟာဗျူဟာပြောင်းလဲသင့်ကြောင်း ခိုင်လုံသောသက်သေပြချက်တခုပင်မဟုတ်ပါလား။ တဆက်တည်း စစ်အစိုးရနှင့်ဆက်ဆံနေကြသောနိုင်ငံများက စစ်အစိုးရအဖို့ ယခုကဲ့သို့ ဘက်ပေါင်းစုံမှအကျပ်ရိုက်နေချိန်တွင် မိမိတို့၏ အကျိုးစီးပွားတခုတည်းသက်သက်ကို မကြည့်ပဲမိမိတို့ တွင်ပြုလုပ်နိုင်စွမ်းရှိသည့် စီးပွားရေးနှင့်အခြား ဖိအား ပေးနိုင်မှုများကို အသုံးချပြီး စစ်အာဏာရှင်စနစ် ဆက်လက်သက်ဆိုးမရှည်စေရေးအတွက် မြန်မာပြည်သူများ အားတတ်အားသမျှ ကူညီကြရန်လိုပေသည်။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးမှလည်း မြန်မာပြည်အရေးအခင်း ကိုအကြောင်းပြု၍ကမ္ဘာပေါ်တွင်မည်သည့်ပုံစံမျိုးနှင့်မျှ အာဏာရှင်စနစ် နောက်ထပ် ခေါင်းထောင်မလာနိုင်စေရေးအတွက် စံနမူနာပြအဖြစ်ထိုမကောင်းဆိုးဝါးစနစ်ဆိုးကြီးကိုအမြစ်ပြတ်သွားစေရန်တတတ်တအားပါဝင်ကူညီဆောင်ရွက်ပေးသင့်ပေသည်။ ၎င်းအာဏာရှင်စနစ်ဆိုးကြီးအားနိုင်ငံတနိုင်ငံ၏ပြည်တွင်းရေးသက်သက်၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်ခြင်းမရှိဟူသောလွန်ခဲ့သောနှစ်၅၀ကျော်ကအယူအဆသည်ကျဉ်းမြောင်းလာနေသည့်ကမ္ဘာကြီးနှင့် လုံးဝ ကိုက်ညီချင်းမရှိတော့ပေ။

---

**ကျနော်တို့သည်စီးပွားရေးအရမြန်မာပြည်သူတို့ချမ်းသာဝပြောစေရန်လည်းကောင်း၊ နိုင်ငံရေးအရ ဒီမိုကရေစီထွန်းကားလွတ်မြောက်စေရန်လည်းကောင်းအားထုတ်လုံးပန်းခဲ့ရာယခုထိမအောင်မြင်နိုင်သေးသဖြင့် ဝမ်းနည်းစိတ်မကောင်း ဖြစ်ရပေသည်။ ယခုအထိစစ်အာဏာရှင်အစိုးရကိုဆက်ပြီးတိုက်ပွဲဝင်နေရတုန်းဖြစ်ပါသည်။ မြန်မာပြည်သူတို့သည်ဆင်းရဲခြင်းမှလွတ်မြောက်ပြီးချမ်းသာဝပြောလာစေရေးနှင့် ဖိနှိပ်ချုပ်ခြယ်ခြင်းမှ လွတ်မြောက်လာစေရေးသည်ရှေ့တွင်ဖြစ်လာမည်ဟုကျနော်တို့လုံးဝယုံကြည်ပါသည်။**

ဗိုလ်ချုပ်ကျော်ဇော (ရဲဘော်သုံးကျိပ်)